
**ပထမ ဉက္ကဋ္ဌအဖွဲ့၏ သွန်သင်ခြင်းအမှာစာ၊ အောက်တိုဘာလ ၂၀၁၁။**



**ဥက္ကဋ္ဌကြီး သောမတ်
အက် မွန်ဆင်အားဖြင့်**

# မော်မွန်ကျမ်းမှ ပေးထားသော တန်ဖိုးမဖြတ်နိုင်သည့် ကတိတော်များ

လွန်ခဲ့သောနှစ်အတော်ကြာက ကျွန်ုပ်သည် ဘဝနှင့်သေဆုံးမှုအကြားတွင် စစ်ခင်းနေရသောငယ်ရွယ်သည့် ဖခင်တစ်ယောက်၏နံဘေးတွင်ရှိခဲ့ဖူးပါသည်။ သူ၏ဇနီးနှင့် ကလေးနှစ်ယောက်သည်လည်း စိတ်မသက်သာစွာဖြင့်သူ၏နံဘေးတွင်ထိုင်နေကြပါသည်။ သူသည်ကျွန်ုပ်၏လက်အား ပွေ့ဖက်တောင်းပန်သောအကြည့်ဖြင့် "သင်းအုပ်၊ ကျွန်တော် သေရတော့မယ်ဆိုတာကျွန်တော်သိနေပါတယ်။ အဲဒီလိုသေဆုံးသွားရင် ကျွန်တော့်ရဲ့ဝိညာဉ်ဟာ ဘယ်လိုဖြစ်မလဲ"ဟု ကျွန်ုပ်အားမေးမြန်းခြင်းပြုပါသည်။

ကျွန်ုပ်ကောင်းကင်ဘုံမှ ညွှန်ကြားမှုကိုခံယူ၍တိတ်ဆိတ်စွာဆုတောင်းခြင်းကိုပြုပြီးနောက် သတိပြုမိသည်မှာထိုသူ၏နံဘေး စာပွဲပေါ်တွင် ကျမ်းမြတ်သုံးအုပ်ပေါင်းစပ်ထားသော ပေါင်းစပ်ကျမ်း တအုပ်တင်ထားခြင်းပင်ဖြစ်သည်။ ကျွန်ုပ်ထိုစာအုပ်အား လှမ်းယူလိုက်ပြီးကျမ်းစာရွက်များအား လှန်လှောရှာဖွေခြင်းပြုလိုက်သည်။ မော်မွန်ကျမ်းမြတ်၏ အယ်မာ အခန်း ၄၀ အဆုံးတွင် အထူးကြိုးစားအားထုတ်မှုမပြုပဲ ကျွန်ုပ်လိုချင်သောကျမ်းချက်အားရုတ်တရက်တွေ့ရှိလိုက်သည်။ ထိုကျမ်းချက်အား ကျွန်ုပ်သူ့အားဖတ်ပြလိုက်သည်။

"နာခံလော့၊လူအားလုံးသည်သူတို့၏ခန္ဓာကိုယ်အားစွန့်ခွာသောအခါတွင် မကြာသောအချိန်၌ပင် ထိုလူအားလုံးတို့၏ ဝိညာဉ်သည်ကောင်းကင်တမန်နတ်သားအဖြစ်ဖြင့် ငါ့ထံသို့ရောက်ရှိလာ၏. . .ထိုအရာသည်ကားဘုရားသခင်ကိုယ်တော် တိုင်ပေးထားသော လူ့ဘဝမှနေ၍ ထိုသူတို့အားအိမ်သို့ပြန်လည်ခေါ်ဆောင်ခြင်းပင်ဖြစ်သည်။"

"ထိုမှတဖန် . . . ထိုဝိညာဉ်များမှ ဖြောင့်မတ်သောသူသည် ငြိမ်းချမ်းစွာနားနေနိုင်သောနယ်မြေ၊ ပျော်ရွှင်ခြင်းနိုင်ငံတော်ဖြစ်သည့်နိဗ္ဗာန်ဘုံသို့ ဝင်ရောက်ရမည်။ ထိုနေရာသည်ကား လူအားလုံး၏ဒုက္ခများ၊ဂရုစိုက်ရခြင်များ၊ဝမ်းနည်းရခြင်းများအားလုံးမှလွတ်မြောက်သောနယ်မြေဖြစ်သည်။"(အယ်မာ၄၀း၁၁–၁၂)

ရှင်ပြန်ထမြောက်ခြင်းအား ကျွန်ုပ်တို့ဆက်လက်ဖတ်ကြားပေးသောအခါတွင်ထိုလူငယ်၏မျက်နှာပေါ်တွင်တောက်ပခြင်းတစ်ခုဖြတ်သန်းပြီးသူ့နှုတ်ခမ်းပေါ်တွင် အပြုံးရိပ်တစ်ခုအားမြင်တွေ့လိုက်ရသည်ကျွန်ုပ်လာရောက်လည်ပတ်ခြင်းအား ထိုချစ်စရာကောင်းသော မိသားစုကိုနှုတ်ဆက်ခြင်းဖြင့်အဆုံးသတ်ခဲ့သည်။

နောက်တစ်ကြိမ်တွင် ကားထိုလူငယ်၏မိန်းမနှင့်ကလေးငယ်များကိုထိုလူငယ်၏အသုဘတွင်ထပ်မံတွေ့ရှိရသေည်ထိုလူငယ်နှင့်တွေ့သောညအားပြန်လည်စဉ်းစားမိသောအခါ သူသည်အမှန်တရားကို သိရှိလို၍အသနားခံခြင်းအတွက် မော်မွန်ကျမ်းမြတ်မှ သူ၏မေးခွန်းအား ပြန်လည်ဖြေဆိုပေးခြင်းပင်ဖြစ်သည်။

မော်မွန်ကျမ်းမြတ်မှ အခြားသောကတိတော်များဖြစ်သည့် ငြိမ်းချမ်းခြင်း၊ လွတ်မြောက်ခြင်းနှင့် "ဘုရားသခင်၏နယ်မြေတော်နှင့်ယေရှုခရစ်တော်၏အမှုတော်ထမ်းသူများ"အတွက်ကောင်းကြီးများပါဝင်သောကတိတော်အများအပြားပါဝင်ပါသည်။ (အက်သာ ၂း၁၂)

ထိုကျမ်းစာမျက်နှာများမှလာသောကတိတော်များမှာ 'မဆုံးသောပျော်ရွှင်မှု"အား "ဘုရားသခင်၏ပညတ်တော်များကို ထိန်းသိမ်းသောသူများအားပေးလိမ့်မည်၊ထိုသူများသည် လောကီရေးရာနှင့်ဝိညာဉ်ရေးရာနှစ်ခုစလုံးနှင့်အရာအားလုံးတွင်ကောင်းကြီးခံစားရမည်ဖြစ်သည်။" (မိုဇိုင်း ၂း၄၁)

ထိုကျမ်းစာမျက်နှာများမှလာသော ကတိတော်များမှာ "သင်နားမလည်နိုင်သောပျော်ရွှင်မှု"အား"ဘုရားသခင်၏လက်တော်တွင်းမှကိရိယာ"ဖြစ်လာသောသူများအားပေးလိမ့်မည်။ ထိုအရာသည်ကား သူ၏တန်ဖိုးမဖြတ်နိုင်သော သားများနှင့်သမီးများကိုကယ်တင်နေခြင်းပင်ဖြစ်သည်။(အယ်မာ၂၈း၈၊၂၉း၉)

ထိုကျမ်းစာမျက်နှာများမှလာသော ကတိတော်များမှာ အကွဲကွဲအပြားပြားဖြစ်နေသောဣသရေလလူမျိုးများသည်ပြန်လည်စုစည်း၍ကျွန်ုပ်တို့စိတ်ပါဝင်စားသော ကမ္ဘာတစ်ဝှမ်းလုံးအတွက် သာသနာပြုရန်ကြိုးစားအား ထုတ်မှုတွင်ပါဝင်လာမည် ဖြစ်ပါသည် (၃နီဖိုင်း ၁၆၊ ၂၁–၂၂ တွင်ကြည့်ပါ)။

ထိုကျမ်းစာမျက်နှာများမှလာသော ကတိတော်များမှာ ကျွန်ုပ်တို့သည်မြင့်မြတ်သော ယေရှုခရစ်တော်၏နာမတော်အောက်တွင် အဖဘုရားသခင်အား ဆုတောင်းခြင်းအားဖြင့်ကျွန်ုပ်တို့၏မိသားစုများအားလုံးသည်ကောင်းကြီးတော်ခံစားရမည် ဖြစ်ပါသည် (၃ နဖိုင်း ၁၈း၂၁)

ထိုကျမ်းစာမျက်နှာများအား လေ့လာခြင်းအားဖြင့် " သင်ဘဝနေထိုင်ခြင်းသို့လည်းကောင်း၊ သင်၏အိမ်များသို့ လည်းကောင်းဘုရားသခင်ဝိညာဉ်တော်ဖြင့် ဖြည့်စွက် ဝင်ရောက်ကာ သူပညတ်တော်များအား ပိုမိုလိုက်နာရန်ခွန်အားရရှိပြီး အမှန်တကယ်အသက်ရှင်သော ဘုရားသခင် ၏သားတော်အားလည်းသင်ခိုင်မာစွာသက်သေခံမည် ဖြစ်ကြောင်း ဤပရောဖက်ဆိုင်ရာကတိတော် အားပြည့်စုံခြင်းဖြစ်လိမ့်မည်ဖြစ်သည်"။

မော်မွန်ကျမ်း၏ကျမ်းစာမျက်နှာများမှလာသော မော်ရိုနိ၏ကတိပေးချက်မှာ ဆုတောင်းခြင်းအားလိုက်လျှောက်၍ မှန်ကန်သော အာရုံစူးစိုက်မှုဖြင့်ခရစ်တော်အပေါ်တွင်ယုံကြည်ခြင်းဖြင့် "သန့်ရှင်းသောဝိညာဉ်တော်စွမ်းအားအရ" ထိုကတိတော်များ အားလုံးသည် မှန်ကန်ခြင်းရှိကြောင်းသင်သိရှိလာမည်ဖြစ်သည်" (မော်ရိုနိ ၁၀း၄–၅ တွင်ကြည့်ပါ)။

အခြားသော နောက်ပိုင်းကာလပရောဖက်များနှင့်အတူ ကျွန်ုပ်မှန်ကန်သောသက်သေခံသည်မှာ "မော်မွန်ကျမ်းသည်ပင်လျှင် ကမ္ဘာပေါ်တွင်ရှိသောအခြားသောကျမ်းစာအုပ်များထက်မှန်ကန်ခြင်းရှိပြီး ယေရှုခရစ်တော်၏အခြားသောသက်သေလည်း ဖြစ်ကြောင်းပင်ဖြစ်သည်။ ထိုသတင်းစကားသည်ကားကမ္ဘာ

မြေကြီးမှ ကျော်လွှားနိုင်ပြီး ဖတ်မှတ်သူအတွက် အမှန်ကန်ဆုံးသော အသိပညာကိုရရှိမည်ဖြစ်ပါသည်။ မော်မွန်ကျမ်းသည် ဘဝကိုပြောင်းလဲစေနိုင်ပါသည်။ ဖတ်ရှုသောသူတစ်ဦးချင်းစီသည် ဖတ်ပြီးရင် ဖတ်ချင်စိတ်ဖြစ်ပေါ်လိမ့်မည်။ ထိုတန်ဖိုးမဖြတ်နိုင်သော ဘုရားသခင်၏ သားသမီးများကိုပေးထားသော ကတိတော်များအား ကျွန်ုပ်တို့အချင်းချင်းမျှဝေရင်းဖြင့် အပျော်ရွှင်ဆုံးသောဘဝကိုရရှိမည်ဖြစ်ကြောင်း ကျွန်ုပ်သက်သေခံပါသည်။

### မှတ်စုများ


၁။ ဂေါ်ဒွန် ဘီ ဟင်ကလေ၊ "အားမာန်အပြည့်နှင့်မှန်ကန်သော သက်သေခံခြင်း၊" လိုင်ယာဟိုးနား၊ ဩဂုတ်လ ၂၀၀၅၊ ၆။

၂။ အသင်းတော်ဥက္ကဋ္ဌကြီးများမှ သင်ကြားပေးချက်များ၊ ဂျိုးဇက်စမစ် (၂၀၀၇)၊


### ဤအမှာစကားမှ သင်ကြားရယူချက်။

"လူ့ဘဝမိသားစုတိုင်းတွင် တွေ့ကြုံရမြဲဖြစ်သော ရှုပ်ထွေးမှုများ၊ မွန်းကျပ်မှုများ၊ ပြဿနာများအားလုံးကို ပြေလည်စွာ ဖြေရှင်းနိုင်ရန်မှန်ကန်သောအခြေခံသဘောတရားအား" ကျမ်းစာများတွင်ရှာဖွေနိုင်ပါသည်။ (သင်ကြားခြင်း၊ထို့ထက်ပို၍ ကြီးမားသော ခေါ်ယူခြင်းမရှိ ၁၉၉၉၊ ၅၁)။ ဥက္ကဋ္ဌကြီးမွန်ဆင်၏ အမှာစကားအား မိသားစုများနှင့်မျှဝေသကဲ့သို့ မိသားစုများ ကိုခေါ်ယူ၍ ဥက္ကဋ္ဌကြီးခွဲခြမ်းစိတ်ဖြာပြသော မော်မွန်ကျမ်းမြတ်ထဲမှလာသော "တန်ဖိုးမဖြတ်နိုင်သည့်ကတိတော်များ"အကြောင်းကိုနားဆင်ရန်ဖိတ်ခေါ်ပါ။ မော်မွန်ကျမ်းမှလာသော ထိုကတိတော်များသည် သင့်အတွက် မည်ကဲ့သို့အဓိပ္ပါယ် ရှိကြောင်းကိုလည်း မျှဝေနိုင်ပါသည်။


©2011 Intellectull Resencve, Inc အားဖြင့်မူပိုင်ခွင့်ရရှိထားပြီး ထိုင်းနိုင်ငံတွင် ပုံနှိပ်သည် အင်္ဂလိပ်ဘာသာ ခွင့်ပြုချက် 6/10 ဘာသာပြန်ခွင့်ပြုချက် 6/10
*First Presidency Message, October 2011* အားဘာသာပြန်ဆိုခြင်း၊ Language. 09 770 256

# ကျွန်ုပ်တို့သံသယကင်းစင်ပါက

*ဤအကြောင်းအရာအားလေ့လာ၍ သင်ကြိုက်နှစ်သက်ပါက သင်သွားရောက်လည်ပတ်ရသောညီအစ်မများဖြင့်ပြန်လည်ဆွေးနွေးနိုင်ပါသည်။ ဤအကြောင်းအရာတွင် ပါဝင်သောမေးခွန်းများကိုအသုံးပြုခြင်းဖြင့်အမျိုးသမီးများစောင့်ရှောက်ရေး အသင်းကြီးသည် သင်၏ဘဝတစ်စိတ်တစ်ပိုင်းတွင်တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သကဲ့သို့ သင်၏ညီအစ်မများကိုလည်း ခွန်အားပေးနိုင်ပါသည်။*

**ယုံကြည်ခြင်း • မိသားစု • သက်သာစေခြင်း**

မော်မွန်ကျမ်းတွင် ထင်ရှားစွာ ရဲစွမ်းသတ္တိရှိသော၊သန်မာသော အတုယူထိုသည်လူငယ်များအကြောင်းကျွန်ုပ်တို့ဖတ်ရှုပြီးဖြစ်ပါလိမ့်မည်။ “ဟုတ်ပါသည်ထိုလူငယ်များသည်တည်ငြိမ်အေးဆေး၍ အမှန်တရားကိုချစ်မြတ်နိုးသူများဖြစ်ပြီးသူတို့သည်။

ဘုရားသခင်၏ပညတ်တော်များကိုလိုက်နာထိမ်းသိမ်း၍နောက်တော်မတည့်မတ်မှာ လျှောက်လှမ်းနိုင်ရန် အမြဲတမ်းသင်ကြားပြသသူများလည်းဖြစ်သည် (အယ်မာ ၅၃း၂၁)။ ”ထိုသစ္စာရှိသောလူငယ်များသည်သူတို့မိခင်များအားသာဓကေပြခြင်း၊ဥပမာပေးခြင်းနှင့်သင်ကြားခဲ့သူ များဖြစ်ကြသည်။

ဟယ်လေမာန်စစ်ပွဲအတွင်း ရဲမက်တို့၏မိခင်များ နေထိုင်ခဲ့ရသော ခေတ်ကာလသည်ကျွန်ုပ်တို့ကဲ့သို့မဟုတ်ပါ။ သူတို့၏အခြေအနေသည်ခက်ခဲပြီးအန္တရာယ်များကာ၊ ငယ်ရွယ်သူများအတွက်လည်းရုပ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးရာလွတ်မြောက်ရန်အတွက်ကာကွယ်နေရသောအချိန်ဖြစ်ပါသည်။ ယနေ့ခေတ်ကျွန်ုပ်တို့နေထိုင်ရသောကမ္ဘာသည် “အသွေးအသာရှိသော ရန်သူတို့နှင့်တိုက်ခိုက်ရင်ဆိုင်နေရသည်မဟုတ်။ သို့သော်လည်းအထွဋ်အမြတ်တို့အားလည်းကောင်း၊ အာဏာစက်တို့အားလည်းကောင်း၊ဤကမ္ဘာ၏လောကီအမှောင်တွင်မင်းမူသောသူတို့နှင့်လည်းကောင်း၊မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်းတိုက်ခိုက်နေရချိန်ဖြစ်ပါသည်(ဧဖက်သြ ဝါဒစာ ၆း၁၂)။”

စမ်းသပ်စိန်ခေါ်ခြင်းခံရသောကာလတွင်ကြံ့ခိုင်သောမိဘများအားနှိုးဆော်ထားပုံကိုဟယ်လေမန်စစ်ပွဲ၏မှန်ကန်သောသင်ကြားချက်အရသိရှိရသည်မှာ သူတို့သံသယမရှိ၏ပါက၊ဘုရားသခင်ကသူတို့အား လွဲပြောင်းပေးလိမ့်မည်” ဖြစ်သည် (အယ်မာ၅၆း၄၇)။ယနေ့ခေတ်တွင်သင်ကြားခြင်းနှင့်ဥပမာပေးခြင်းသည်မှန်ကန်မှုရှိရန်သင်သတိရှိရမည်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ကြောက်ရွံ့စိတ်ကိုဖယ်ရှားရမည်။ ကျွန်ုပ်တို့ကိုယ်တိုင်အားလည်းမည်သူဖြစ်ကြောင်းသိရှိပြီးဘုရားသခင်သည် မည်သူဖြစ်ကြောင်းနှင့် သူနှင့်ကျွန်ုပ်တို့ထားရှိခဲ့သောပဋိညာဉ်အားလည်းသိရှိခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည်ရဲမက်ကြီးများ၏မိခင်များကဲ့သို့ဖြစ်ပါက ကောင်းမြတ်ခြင်းများလွှမ်းခြုံခြင်ခံရမည်ဖြစ်သည်။

ဟယ်လေမန်၏ရဲမက် ၂၀၆၀ သည်မိခင်လွှမ်းမိုးစိတ်ဖြင့်ခွန်အားရယူထားခြင်းဖြစ်သည်။ သို့သော်လည်း ထိုမိခင်သည်တစ်ယောက်တည်း ရပ်တည်ခြင်းမဟုတ်ပါ၊အခြားသောဖြောင့်မတ်သည့်ယောကျာ်းများအမျိုးသမီးမားနှင့်အတူတကွပေါင်းစည်းထားခြင်းဖြစ်ပသည်။ထိုမိခင်များသည်သူတို့ယုံကြည်ခြင်းအားပေါင်းစည်းထားပြီးပဋိညာဉ်၏စွမ်းအားကိုဥပမာပေးသင်ကြားခဲ့ကြသည်။ထိုခေတ်ကာလငယ်ရွယ်သူများနားလည်သည်မှသူတို့မိဘများထားရှိသောပဋိညာဉ်သည်ပဋိပက္ခအတွင်းသို့မဝင်ရောက်ရန်ဖြစ်သည်ဟူ၍နားလည်ကြသည်။ ထိုအရာသည် ဖြစ်နိုင်ခြေမရှိခဲ့လျှင်ပင် ချစ်လှစွာသော ကောင်းကင်ဘုံရှင်အဖသည်။ ထိုမိဘများထားရှိခဲ့သောပဋိညာဉ်အား ဆက်လထိန်းသိမ်းနိုင်ရန်လမ်းဖွင့်ပေးခဲ့ပြီးသူတို့၏လတ်မြောက်ခြင်းအားဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်(အယ်မာ၅၆း၅–၉ တွင်ကြည့်ပါ) ကျွန်ုပ်တို့သည်လည်းပဲကျွန်ုပ်တို့ပဋိညာဉ်အားလေးစားခြင်းဖြင့်ကလေးများနှင့်လူငယ်များသည်လည်းကောင်း၊ကျွန်ုပ်တို့သားသမီးများနှင့်ခရိုင်တွင်း၊သင်းခွဲများ၊အိမ်နီးနားခြင်းများနှင့်ဆက်နွယ်သူများအားလုံးသည်ပဋိညာဉ်အားထိန်းသိမ်းနိုင်ရမည်ဖြစ်ကြောင်းနားလည်လာမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ပဋိညာဉ်အားကျွန်ုပ်တို့လေးစားသောအခါတွင်ကောင်းကင်ဘုံရှင်အဖဘုရားသခင်သည်ကျွန်ုပ်တို့အတွက်လမ်းကြောင်းအားပြင်ဆင်ပေးနိုင်ပသည်။ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ပဋိညာဉ်အားတန်ဖိုးထားတတ်ရန်လုအပ်ပါသည်။

ဥပမာအားဖြင့်ကျွန်ုပ်တို့ပြုလုပ်နိုင်သောအရာများမှာတိကျမှန်ကန်စွာဆုတောင်းခြင်း၊ကျမ်းစာလေ့လာခြင်း၊ အိမ်တော်၏ထောက်ခံချက်ကိုဆုပ်ကိုင်ခြင်း၊ရိုးယဉ်စွာဝတ်ဆင်ခြင်း၊ ဥပုဒ်နေ့အားသန့်ရှင်းစေခြင်းတို့ပင်ဖြစ်ပါသည်ထိုကဲ့သို့ကျွန်ုပ်တို့ပြုလုပ်နိုင်ခြင်းဖြင့်ကျွန်ုပ်တို့သားသမီးများမှ ဤကဲ့သို့ပြောပါလိမ့်မည်၊ “ကျွန်ုပ်တို့မိခင်များသိရှိကြောင်းကိုကျွန်ုပ်တို့သံသယမရှိပါ” (အယ်မာ ၅၆း၄၈)



နောက်ပိုင်းကာလသန့်ရှင်းသူအမျိုးသမီးများတွင် သတိပြုမိသည်မှာ သူတို့၏ခွန်အားသည်ကိုယ်တော်ရှင်၏အပြစ်ဖြေအသေခံခြင်းမှရရှိပြီးအခက်အခဲများနှင့်ရုန်းကန်ရသည့်အချိန်များတွင်အားလျော့လက်လျှော့ခြင်းမရှိခြင်းပင်ဖြစ်သည်။ ပဋိညာဉ်အား ထိန်းသိမ်းထားသူများ ဖြစ်သောကြောင့်သူတို့သည်ထူးချွန်သူများအဖြစ်အတည်ပြုပါသည်။ သူတို့သည်သားသမီးများနှင့်လူငယ်များအားကျွေးမွေးစောင့်ရှာက်ခြင်း၊အကာအကွယ်ပေးခြင်းတို့အားလည်းပြုလုပ်ပါသည်။ ဤနည်းအားဖြင့်တနေ့တွင်ကျွန်ုပ်တို့သည်ကြီးပြင်းလာသောမျိုးဆက်သစ်များအား‘ဤမျှလောက်ရဲရင့်သောတည်ကြည်သူအား မြင်ဖူးခြင်းလည်းမရှိ၊ရှိမည်ဟုလည်းမထင်ဟုပင်ပြောဆိုရမည်ဖြစ်ပါသည် (အယ်မာ ၅၆း၄၅)

***ဂျူလီဘီဘက်၊ အမျိုးသမီးများ စောင့်ရှောက်ရေးအသင်းတော်ဥက္ကဋ္ဌ***

## *ကျမ်းချက်များမှ*

အယ်မာ ၅၃း၅၆–၅၈

### ကျွန်ုပ်ဘာလုပ်နိုင်သနည်း

**၁။** ကြီးပြင်းလာမည့်မျိုးဆက်များအား စွမ်းအားဖြင့်လွှမ်းမိုးနိုင်အောင် ဆောင်ရွက်ခြင်းအား သင်၏ညီအစ်မများ သတိပြုလာမိစေရန် သင်မည်ကဲ့သို့ ကူညီနိုင်သနည်း။

**၂။** ယနေ့ခေတ်ကာလ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရန် မော်မွန်ကျမ်းထဲမှမည်သို့သောလှုံ့ဆော်ချက်အားကျွန်ုပ်တွေ့ရှိနိုင်မည်နည်း။

ပိုမိုသိရှိလိုပါက
www.reliefsociety.lds.org
သို့သွားရောက်လေ့လာနိုင်ပါသည်။

©2011 Intellectull Resencve, Inc အားဖြင့်မူပိုင်ခွင့်ရရှိထားပြီး ထိုင်းနိုင်ငံတွင် ပုံနှိပ်သည် အင်္ဂလိပ်ဘာသာခွင့်ပြုချက် 6/10 ဘာသာပြန်ခွင့်ပြုချက် 6/10
*Visiting Teaching Message, October 2011*
အားဘာသာပြန်ဆိုခြင်း၊ Language. 09770 256